ကျောင်းလို (တောင်) ကျေးရွာ

တောင်ကြီး မြို့နယ်



ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈– ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျောင်းလို (တ) ကျေးရွာ ၊ တောင်ကြီးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကူညီရေးဆွဲသည်)

မာတိကာ

မာတိကာ ၁

စကားချီး ၈

ကျောင်းထိုင်(တောင်)ကျေးရွာသယံဇာတပြမြေပုံ၊ တောင်ကြီးမြို့နယ် ၁၀

အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ် ၁၁

(၁)နိဒါန်း–ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

(၂)ကျေးရွာ၏ပထဝီအနေအထားနှင့်သဘာဝအရင်းအမြစ်များ ၁၃

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃)ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၁၄

(က) လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) စီးပွားရေးအခြေအနေဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့်မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့်အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄)ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦးများအား လက်လှမ်းမီမှု လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၂၁

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ ၂၂

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၄

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ ၂၆

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

(၉) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် ၂၉

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ ၃၀

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့်ပန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

(၁၁)စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၁

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁)စီမံကိန်းဇယားများ ၃၅

(၁)လူမှုစီးပွားရေးအခြေအနေ

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား၃ လုပ်ငန်းနှင့် ကျား၊မအလိုက် အနည်းဆုံးနှင့်အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား၅ ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

ဇယား၆ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား၇ ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ

ဇယား၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့် အုပ်စု

(၂)ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

ဇယား၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား၁၄ ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းစရိယာ

ဇယား၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

ဇယား၁၇ သီးနှံထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား၁၉ မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား၂၀ မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား၂၃က စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများအတွက်အခွင့်အလမ်း များ

ဇယား၂၃ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများအတွက်
ပြဿနာနှင့်အခက်အခဲများ

ဇယား၂၄ ရွှေပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား၂၅ ရွှေပြောင်းသွားလာရခြင်း၏အဓိကအကြောင်းအရင်း

ဇယား၂၆ ရွှေပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ

ဇယား၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲရေးအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

ဇယား၃၁ ကျောင်းတက်နှုန်း

ဇယား၃၂ စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား၃၃ ပညာရေးအခက်အခဲနှင့် ပြဿနာများ

ဇယား၃၄ အဖြစ်များသော ရောဂါများ

ဇယား၃၅ လွန်ခဲ့သော (၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု

ဇယား၃၆ ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား၃၇ သောက်သုံးရေရရှိမှု

ဇယား၃၈ အိမ်သာအမျိုးအစား

ဇယား၃၉ ကျား၊မကိစ္စရပ်ဆိုင်ရာ

ဇယား၄၀ ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ

ဇယား၄၁ ကျေးရွာ၏တံတားတည်ရှိမှုအခြေအနေ

ဇယား၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား၄၄ လျှပ်စစ်မီးရရှိမှုအခြေအနေ

ဇယား၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်၊ နည်းပညာအခြေအနေ

ဇယား၄၆ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ

ဇယား၄၇ ဘေးကင်းလုံခြုံရေး၊ ပန်ဆောင်မှုအထောက်အကူများအား လက်လှမ်းမီမှု

ဇယား၄၈ မှုခင်းဖြစ်ပွားမှုအခြေအနေ

နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)

ကိုးကားစာရင်း

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၂ဘဏ္ဍာရေးနှစ်အင (၅)နှစ်အကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ကျေးရွာသူကျေးရွ သားများပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦ အနေဖြင့်စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသည့် စိုက်ပျိုးရေ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထ ပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံ ဉာဏ်များကို တက်တက ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေ ဦးစီးဌာနမှသက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကိုယခင်ကာလမျာ ကစီစဉ် ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်းလူထုအများဖြင့် စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွ သည့်နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင် ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွ ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကိုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက ရေးဦးစီးဌာနမှစီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည် ကျေးရွ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် အချက်အလက်တို့၏အရေးပါမှုကို သိရှိ ယုံသ မကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာမျာ မှလည်းကောက်ယူရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်းအချက်အလက်များနှင့်နည် ပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်မျာ အတွက်သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့်အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင် ကိုလည်းကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက်အလက်မျာ ကိုသာအားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအချက် အလ များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင် ပါဝင်သေ လုပ်ငန်းများသည်ဆက်လက်လုပ်ဆောင်သွားရမည့်လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွ နေမှုတစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်ပြီးစီးမှု၊ပေါ်ပေါက်လာမည့်အခက်အခဲများ၊ ဦးစ ပေးရွေးချယ်ပေးမှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလ အပေါ် မူတည်၍ ပြုပြ ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရန်လည်းလိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်း ဆော ရွက်နိုင်ရန်အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီ ဌာန၊မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊မြို့နယ်အဆင့်အစိုးရဌာနများ၏အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည့်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည် ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများ ကိုဆန်းစစ်သုံးသပ်ရ နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံချက်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာန လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန် အစီအစဉ်များ၊ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက မည့်အဆင့်ဆင့်တို့ကိုအဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက် အလက် အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်မျာ ပါဝင်ပါသည်။


စက်တင်ဘာလ၊ ၂၀၁၈ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျောင်းထို(တ)ကျေးရွာ

တောင်ကြီးမြို့နယ်

ကျောင်းထိုကျေးရွာ၊ ကျေးရွာသယံဇာတပြမြေပုံ



ရည်ညွှန်း တောင်ကြီးမြို့နယ်၊ ကျောင်းထို (တောင်) ကျေးရွာတွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေး
စီမံကိန်းရေးဆွဲခြင်းအစီအစဉ်တွင် ကျေးရွာသူ၊ကျေးရွာသားများ ကိုယ်တိုင် ပူးပေါင်းအကဲဖြတ် ခြင်း
ရယူသည်။ (၂၅၊ ဇွန်လ ၊ ၂၀၁၈ခုနှစ်)

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်

(၁) နိဒါန်း ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာ သုံးသပ်၍ တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အကူအညီ ဖြင့်ရေးဆွဲရာတွင် ကျေးရွာလူထု ကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန်အရေးကြီးပုံကို အလေးထားမိလာကြပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤ အစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်

နှင့်၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက် များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာ ခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့် ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်း များကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းအချင်း ပေါင်းစည်းညှိနှိုင်းစီစဉ်စီစဉ်မှုများပြုလာနိုင်ပါမည်။

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် ထည့်ဝင်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများရှိနေပါသည်။သို့ဖြစ်၍လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများပြည့်စုံမှုအပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

(၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျွန်ုပ်တို့ ကျောင်းထို(တောင်)ကျေးရွာသည် တောင်ကြီးမြို့မှ (၂၃)မိုင်ခန့်ကွာတွင် တည်ရှိပြီးကျောက်တစ်လုံးကြီးမြို့နယ်ခွဲသို့သွားရာလမ်းတွင်တည်ရှိပါသည်။ ကျေးရွာ၏အရှေ့တောင်ဘက်တွင် ကက္ကူကျေးရွာ၊ အနောက်တောင်ဘက်တွင် ခေလူး(တ/မ)ကျေးရွာ၊ အနောက်မြောက်ဘက်တွင်ထီရီးကျေးရွာ၊မြောက်ဘက်တွင်ဟမ်းဆီးကျေးရွာနှင့်တောင်ဘက်တွင်ထီခါတ်ကျေးရွာတို့နှင့် ဆက်စပ်နေပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ(၄၇၀၀)အမြင့်တွင်တည်ရှိ၍ အေးမြပြီး စွတ်စိုသောရာသီဥတုဖြစ်ပါသည်။

(ခ) သဘာဝအရင်းအမြစ်များ

ကျွန်ုပ်တို့ကျေးရွာသည် လယ်ယာစိုက်ပျိုးရေးကိုသာ အဓိကမှီခိုသော ကျေးရွာဖြစ်၍ လယ်(၁၃၆)ဧက၊ တောင်ယာ/ယာ(၂၆၀.၅)ဧက၊ ဥယာဉ်ခြံ(၂၈)ဧက စားကျက်မြေဧက(၂)ဧက၊ မြေလွတ်/မြေလပ်(၆.၅)ဧကပိုင်ဆိုင်ကြပါသည်။ အဓိကစိုက်ပျိုးသီးနှံအဖြစ် စပါး၊ ပြောင်း၊ မြေပဲတို့ကို စိုက်ပျိုးကြပါသည်။ မိုးရာသီတွင် မိုးရေမိုးအားကိုးကာ ပြောင်း၊ မြေပဲ၊ ပဲပုတ်၊ စပါး၊ ပဲစင်းငုံ၊ ဆောင်းသီးနှံအဖြစ် ကြက်သွန်၊ နွေရာသီတွင် ကြက်သွန်၊ ပန်းနှမ်းများ စိုက်ပျိုးကြပြီး မိသားစုစားဝတ်နေရေးအတွက် ဖြေရှင်းဆောင်ရွက်ကြပါသည်။ ကျေးရွာ၏အရှေ့မြောက်ဘက်နှင့် အရှေ့တောင်ဘက်တွင်ဂနိုင်ရေထွက်ရှိပြီး ကျေးရွာသူ/သားများအားလုံးထိုရေထွက်မှရေဖြင့် သောက်ရေသုံးနှင့် စိုက်ပျိုးရေအဖြစ်လည်းအသုံးပြုကြပါသည်။ ကျေးရွာတွင် သက်တမ်း(၁၀)နှစ်ကြာရှိသော အများပိုင်သစ်တောအားလည်း ပြန်လည်ပြုပြင်ထိန်းသိမ်းထားရှိပါသည်။ ကျေးရွာ ၏အနောက်ဘက်တွင် အများပိုင်သဲတောင်ရှိသည်။

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင်နေထိုင်သော အိမ်ထောင်စု(၁၈၈)စုရှိပြီး လူဦးရေပေါင်း(၇၄၀)ဦးရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်စုလျှင် (၄-၅)ဦးအထိရှိပြီး ပအိုဝ်းလူမျိုး အများစုနေထိုင်ကြပါသည်။ အသက်(၁၅)နှစ်မှ(၆၄)နှစ်အထိအလုပ်လုပ်နိုင်သောလူဦးရေမှာ(၅၆၈)ဦးရှိသောကြောင့်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်ကောင်းမွန်သော အခြေအနေကောင်းများလည်းရှိပါသည်။ (၁၅)နှစ်အောက်လူဦးရေနှင့် အသက်(၆၅)နှစ်အထက် လူဦးရေစုစုပေါင်း(၁၇၂)သည် ပညာသင်ကြားနေသောကလေးသူငယ်များနှင့် မိသားစုကိုမှီခိုနေရသော အသက်ကြီးပိုင်းလူဦးရေများဖြစ်ကြပါသည်။

(ခ) စီးပွားရေးအခြေအနေ ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာမိသားစုများ၏ အဓိကဝင်ငွေရလုပ်ငန်းများမှာ ပြောင်း၊ မြေပဲ၊ ကြက်သွန်ဖြူ၊ စပါးစသည့်စိုက်ပျိုးလုပ်ငန်းတို့ကိုလုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပြီး စိုက်ပျိုးချိန်တွင် အရင်းအနှီးလိုအပ်ချက်များပြားခြင်းနှင့် သီးနှံထွက်ချိန်တွင် ဈေးနှုန်းမကောင်းခြင်းတို့ကြောင့် အိမ်ထောင်စုအများစု၏ ဝင်ငွေမှာစားဝတ်နေရေးအတွက် လောက်ငှယုံသာရှိကြပါသည်။ ကျေးရွာမိသားစုများ၏ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင်ကျေးရွာရှိရှေးမှီ/နောက်မှီ ကျေးရွာ၏အကြောင်းကို ဂဃနဏသိရှိသော ရပ်မိရွာဖများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူး(သူကြီး)တို့မှ သတ်မှတ်ကြပြီး အိမ်ထောင်စု(၁၈၈)စုတွင်အဆင်ပြေအဆင့်အိမ်ထောင်စု(၁၀)စု၊ အလယ်အလတ်အဆင့် (၂၄)စု၊ အဆင်မပြေအဆင့် (၅၄)စု၊ အလွန်အဆင်မပြေအဆင့် (၁၀၀)စု ရှိသည်ဟုတ်သတ်မှတ်ကြပါသည်။ ကျေးရွာတွင် အလွန်အဆင်မပြေသော အိမ်ထောင်စု(၁၀၀)စုမှ လွဲ၍ ကျန်အဆင့်များတွင် တောင်ယာမြေများ ပျမ်းမျှအားဖြင့် အနည်းဆုံး(၃)ဧကပိုင်ဆိုင်ကြပါသည်။ ဥစ္စာဓနအဆင့် သတ်မှတ်မှုမှာ ကျွန်ုပ်တို့ရွာ ကျေးရွာသူ၊ ကျေးရွာသားများ၏ မြေယာပိုင်ဆိုင်မှု ၊ ကျွဲနွားပိုင်ဆိုင်မှု၊ ကား၊ လယ်ယာသုံးစက်ကိရိယာ၊ လျှပ်စစ်မီးသုံးစွဲနိုင်မှုများအပေါ်မူတည်ပြီး အဓိကထား တိုင်းတာပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်လူငယ်များအနေဖြင့် ထိခိုက်လွယ်မှုဖြစ်ပွားစေတက်သော အခြေအနေများမှာရှမ်းပြည်နယ်ဒေသဖြစ်သည့်အတွက် ဒေသတွင်းမူးယစ်ဆေးအလွယ်တကူရရှိခြင်း၊ကွမ်းစားခြင်းတို့သည် လူငယ်များအတုယူမှားပြီး ထိခိုက်လွယ်မှု အတန်အသင့်ရှိပါသည်။ အမျိုးသမီးဦးဆောင်

သည့်ဆင်းရဲသောအိမ်ထောင်စုများ၏ ထိခိုက်လွယ်မှုမှာ သဘာဝဘေးအန္တရာယ်ကြောင့်လည်းကောင်း၊ ကုန်ဈေးနှုန်းကြီးမြင့်ခြင်းကြောင့် လည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်း ရှားပါးခြင်းကြောင့်ဝင်ငွေနည်းပါးလာပါကအမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စုများ၊ လက်လုပ်လက်စား၊ ကျပန်းလုပ်ကိုင်ဆောင်ရွက်ရသူများအနေဖြင့် ထိခိုက်လွယ်မှုရှိနိုင်ပါသည်။ မြေမဲ့၊ ယာမဲ့တောင်သူများများအနေဖြင့်ယနေ့အချိန်တွင် ကုန်ဈေးနှုန်းမြင့်မားလာခြင်း၊ လုပ်ခလစာဝင်ငွေနည်းပါးလာခြင်း၊ လုပ်ငန်းမလုပ်နိုင်ပါကဝမ်းစာဖူလုံမှုအခက်အခဲများကြောင့် ထိခိုက်လွယ်မှုမြင့်မားခြင်းဖြစ်သည်။ ရွှေ့ပြောင်းလုပ်သားများအနေဖြင့် နိုင်ငံရပ်ခြားသို့သွားရောက် အလုပ်လုပ်ကိုင်ရာတွင်လုံခြုံမှုမရှိခြင်းကြောင့် ထိခိုက်လွယ်မှုမြင့်မားသည်။

(ဃ) ကျန်းမာရေးနှင့်အာဟာရ

ကျေးရွာတွင် ယခုအချိန်ထိ ရာသီဥတုအခြေအနေအရ ဖြစ်ပွားသည့် ရာသီတုပ်ကွေး၊ နှာစေး၊ ချောင်းဆိုး၊ ဝမ်းပျက်ဝမ်းလျှောရောဂါများသာ ဖြစ်ပွားတက်သည်ကိုတွေ့ရှိရပါသည်။ အခြားရောဂါကြီးကြီးမားမားမရှိပါ။တောင်ပေါ်ဒေသ၏ရာသီဥတုအခြေအနေအရအအေးလွန်ကဲမှုကြောင့်ဆီးချိုရောဂါ၊သွေးတိုးရောဂါ ဖြစ်ပွားမှုများပါသည်။ကျေးရွာတွင်းကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့်လက်လှမ်းမီမှုမရှိပါ။သာမန်အချိန်တွင်ကက္ကူအုပ်စုကျေးလက်ကျန်းမာရေးဌာနခွဲသွားရောက်ပြသရသောလည်း သူနာပြုဆရာမမှပြသသူများသဖြင့် အပြည့်အဝစောင့်ရှောက်မှုမပေးနိုင်ပါ။အရေးပေါ်အချိန်များတွင်တောင်ကြီးမြို့ပေါ်သို့သွားရောက်ရပြီး ခရီးလမ်းဝေးခြင်းကြောင့် အခက်အခဲတွေ့နေရပါသည်။ ကျေးရွာသူ/သားများအနေဖြင့် ကျေးလက်ဆေးပေးခန်းတစ်ခုတည်ဆောက်ပေးရန်လိုအပ်လျှက်ရှိပါသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှု

ကျေးရွာတွင် လုံးဝစာမတတ်သူဦးရေမှာ ကျား(၃)ဦး၊ မ(၁၁)ဦး၊ စုစုပေါင်း(၁၄)ဦးရှိကြောင်းသိရှိရသည့်အတွက် အမျိုးသမီးစာမတတ်သူဦးရေ လွန်စွာများပြားကြောင်းတွေ့ရှိရပါသည်။မူလတန်းအဆင့်စာတက်မြောက်သူဦးရေမှာ(၃၉၀)ဦးရှိသော်လည်း ၎င်းလူဦးရေထဲမှ ပညာသင်ကြားနေဆဲကလေးသူငယ်(၆၂)ဦးမပါရှိပါကကျန်လူဦးရေမှာ ကျေးရွာအခေါ် (သေစာရှင်စာ)တက်မြောက်ထားသူများသာဖြစ်ကြောင်းတွေ့ရှိရပါသည်။ အလယ်တန်းအဆင့်ပညာသင်ကြားတက်မြောက်သူ(၂၁၆)ဦး၊ အထက်တန်းအဆင့် ပညာသင်ကြားတက်မြောက်သူ (၄၅)ဦး၊တက္ကသိုလ်/ကောလိပ်ပညာသင်ကြားတက်မြောက်သူ(၁၂)ဦးရှိပါသည်။ကျေးရွာတွင်အလယ်တန်းကျောင်းခွဲ(၁)ကျောင်းရှိပြီး၎င်းအလယ်တန်းကျောင်းသို့ ကျေးရွာအနီးမှ (ကျောင်းထို(ရှေ့)၊ ကျောင်းထို(မြောက်)၊ ကက္ကူကျေးရွာ)များမှ ကျောင်းသား၊ ကျောင်းသူများ လာရောက်ပညာသင်ကြားသည့်အတွက်ကျောင်းသားဦးရေ(၂၀၀) ကျော်ခန့်ရှိပြီး ဆရာ၊ ဆရာမ ဦးရေ

သည့်ဆင်းရဲသောအိမ်ထောင်စုများ၏ ထိခိုက်လွယ်မှုမှာ သဘာဝဘေးအန္တရာယ်ကြောင့်လည်းကောင်း၊ ကုန်ဈေးနှုန်းကြီးမြင့်ခြင်းကြောင့် လည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်း ရှားပါးခြင်းကြောင့်ဝင်ငွေနည်းပါးလာပါကအမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စုများ၊ လက်လုပ်လက်စား၊ ကျပန်းလုပ်ကိုင်ဆောင်ရွက်ရသူများအနေဖြင့် ထိခိုက်လွယ်မှုရှိနိုင်ပါသည်။ မြေမဲ့၊ ယာမဲ့တောင်သူများများအနေဖြင့်ယနေ့အချိန်တွင် ကုန်ဈေးနှုန်းမြင့်မားလာခြင်း၊ လုပ်ခလစာဝင်ငွေနည်းပါးလာခြင်း၊ လုပ်ငန်းမလုပ်နိုင်ပါကဝမ်းစာဖူလုံမှုအခက်အခဲများကြောင့် ထိခိုက်လွယ်မှုမြင့်မားခြင်းဖြစ်သည်။ ရွှေ့ပြောင်းလုပ်သားများအနေဖြင့် နိုင်ငံရပ်ခြားသို့သွားရောက် အလုပ်လုပ်ကိုင်ရာတွင်လုံခြုံမှုမရှိခြင်းကြောင့် ထိခိုက်လွယ်မှုမြင့်မားသည်။

(ဃ) **ကျန်းမာရေးနှင့်အာဟာရ**

ကျေးရွာတွင် ယခုအချိန်ထိ ရာသီဥတုအခြေအနေအရ ဖြစ်ပွားသည့် ရာသီတုပ်ကွေး၊ နှာစေး၊ ချောင်းဆိုး၊ ဝမ်းပျက်ဝမ်းလျှောရောဂါများသာ ဖြစ်ပွားတက်သည်ကိုတွေ့ရှိရပါသည်။ အခြားရောဂါကြီးကြီးမားမားမရှိပါ။တောင်ပေါ်ဒေသ၏ရာသီဥတုအခြေအနေအရအအေးလွန်ကဲမှုကြောင့်ဆီးချိုရောဂါ၊သွေးတိုးရောဂါ ဖြစ်ပွားမှုများပါသည်။ကျေးရွာတွင်းကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့်လက်လှမ်းမီမှုမရှိပါ။သာမန်အချိန်တွင်ကက္ကူအုပ်စုကျေးလက်ကျန်းမာရေးဌာနခွဲသွားရောက်ပြသရသောလည်း သူနာပြုဆရာမမှပြသသူများသဖြင့် အပြည့်အဝစောင့်ရှောက်မှုမပေးနိုင်ပါ။အရေးပေါ်အချိန်များတွင်တောင်ကြီးမြို့ပေါ်သို့သွားရောက်ရပြီး ခရီးလမ်းဝေးခြင်းကြောင့် အခက်အခဲတွေ့နေရပါသည်။ ကျေးရွာသူ/သားများအနေဖြင့် ကျေးလက်ဆေးပေးခန်းတစ်ခုတည်ဆောက်ပေးရန်လိုအပ်လျှက်ရှိပါသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှု

ကျေးရွာတွင် လုံးဝစာမတတ်သူဦးရေမှာ ကျား(၃)ဦး၊ မ(၁၁)ဦး၊ စုစုပေါင်း(၁၄)ဦးရှိကြောင်းသိရှိရသည့်အတွက် အမျိုးသမီးစာမတတ်သူဦးရေ လွန်စွာများပြားကြောင်းတွေ့ရှိရပါသည်။မူလတန်းအဆင့်စာတတ်မြောက်သူဦးရေမှာ(၃၉၀)ဦးရှိသော်လည်း ၎င်းလူဦးရေထဲမှ ပညာသင်ကြားနေဆဲကလေးသူငယ်(၆၂)ဦးမပါရှိပါကကျန်လူဦးရေမှာ ကျေးရွာအခေါ် (သေစာရှင်စာ)တက်မြောက်ထားသူများသာဖြစ်ကြောင်းတွေ့ရှိရပါသည်။ အလယ်တန်းအဆင့်ပညာသင်ကြားတက်မြောက်သူ(၂၁၆)ဦး၊ အထက်တန်းအဆင့် ပညာသင်ကြားတက်မြောက်သူ (၄၅)ဦး၊တက္ကသိုလ်/ကောလိပ်ပညာသင်ကြားတက်မြောက်သူ(၁၂)ဦးရှိပါသည်။ကျေးရွာတွင်အလယ်တန်းကျောင်းခွဲ(၁)ကျောင်းရှိပြီး၄င်းအလယ်တန်းကျောင်းသို့ ကျေးရွာအနီးမှ (ကျောင်းထို(ရှေ့)၊ ကျောင်းထို(မြောက်)၊ ကက္ကူကျေးရွာ)များမှ ကျောင်းသား၊ ကျောင်းသူများ လာရောက်ပညာသင်ကြားသည့်အတွက်ကျောင်းသားဦးရေ(၂၀၀) ကျော်ခန့်ရှိပြီး ဆရာ၊ ဆရာမ ဦးရေ

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ လယ်၊ တောင်ယာ၊ ဥယျာဉ်ခြံ မြေဧက(၄၂၄.၅)ဧကရှိပါသည်။ တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ရန် အဆင်ပြေမှုရှိပါသည်။မိုးရာသီတွင်အဓိကစိုက်ပျိုးပါသည်။ နွေရာသီတွင်စိုက်ပျိုး လုပ်ကိုင်ရန်အကူအညီဖြစ်သောရေထွက်ရေကန်(၂)ကန်ရှိပါသည်။ သို့သော်ရေထွက်နှင့်နီးသော စိုက်ပျိုးရေးလုပ်ငန်းများအတွက် စိုက်ပျိုးရလွယ်ကူသော်လည်း ရေထွက်နှင့်ဝေးကွာသူများ အတွက်အခက်အခဲရှိနေ ပါသည်။ ကျေးရွာတွင် မြေဆီလွှာများပျက်စီးခြင်း၊ အထွက်နှုန်းနည်း ခြင်းနှင့်တွေ့ကြုံနေရပါသည်။ ဓာတ်မြေသြဇာထည့်နည်းအချိုးအဆမမှန်ခြင်း၊ အလွန်အကျွံ သုံးစွဲမိဖြစ်တို့ကြောင့်ဖြစ်ပြီး စိုက်ပျိုးနည်းစနစ်ကောင်းများ၊ သဘာဝမြေကို ကောင်းမွန်လာ အောင်ပြုပြင်နည်းစနစ်များ ဖြန့်ဝေပေးရန်လိုအပ်မှုရှိနေပါသည်။ယခုနှစ်တွင် ကြက်သွန်ဖြူ စိုက်ပျိုးသော တောင်သူများအနေဖြင့် စိုက်ပျိုးချိန်တွင် အရင်းအနှီး ၊ လူအားများ ရင်းနှီးထည့် ဝင်ကာ လုပ်ကိုင်ဆောင်ရွက်ရသော်လည်း သီးနှံထွက်ချိန်တွင် ပွဲစားများ၏ ဈေးကစားမှုများ ကြောင့် ဈေးနှုန်းကျဆင်းခြင်း၊ အမြတ်မရတော့ခြင်း၊ စိုက်ပျိုးစရိတ်လောက်သာ ပြန်လည်ရရှိ နေခြင်းတို့ဖြစ်ပေါ်နေပါသည်။ ထိုအပြင် စိုက်ပျိုးစရိတ်ချေးငွေမရရှိခြင်းကြောင့် ပွဲစားများ ထံတွင်ကြိုတင်ငွေအရင်းအနှီးရယူစိုက်ပျိုးရသောကြောင့်လည်း ဈေးနှုန်းမကောင်းသော်လည်း အတိုးတက်မည်စိုးသောကြောင့်ထုတ်ရောင်းနေပါသည်။ သက်သာသောအတိုးနှုန်းနည်း ချေးငွေ များရရှိအောင်ဆောင်ရွက်ရန်၊ ဈေးကွက်တည်ငြိမ်မှုရှိအောင်ဆောင်ရွက်ပေးရန်နှင့် ဈေးကွက် သို့ တိုက်ရိုက်တင်ပို့ရောင်းချနိုင်ခြင်းများဆောင်ရွက်ပေးပါက အဆင်ပြေလာမည်ဖြစ်သည်။သီး နှံစိုက်ခင်းများတွင်ဖျက်ပိုးများကျရောက်နေသည့်အတွက်ပိုးသတ်ဆေးသုံးစွဲရာတွင်စနစ်တကျ အသုံးပြုပုံနှင့် နှိမ်နင်းနည်းစနစ်များ သင်တန်းပို့ချပေးရန် လိုအပ်မှုများရှိနေပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် ကျေးရွာသူ၊ ကျေးရွာသားများသည် စိုက်ပျိုးရေးလုပ်ငန်းကိုသာအဓိက လုပ်ကိုင်ကြပြီး အခြားဝင်ငွေရလုပ်ငန်းသည် နိုင်ငံရပ်ခြား(စင်ကာပူ၊ မလေးရှား၊ ထိုင်း) နိုင်ငံ များသို့သွားရောက်လုပ်ကိုင်ကြသူများပြားသည်။ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း အဖြစ် လက်သမားလုပ်ငန်း၊ အုတ်ရိုက်လုပ်ငန်း၊ကားမောင်းလုပ်ငန်း၊ ကုန်စိမ်းရောင်းချခြင်း လုပ်ငန်းများအများဆုံးလုပ်ကိုင်ကြပါသည်။ အခြားဝင်ငွေရလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် အလုပ်အပ်နှံမှုနည်းပါးခြင်း၊ အရင်းအနှီးနည်းနေခြင်းနှင့် အတိုးနှုန်းမြင့်ချေးငွေချေးနေရ သော

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ လယ်၊ တောင်ယာ၊ ဥယျာဉ်ခြံ မြေဧက(၄၂၄.၅)ဧကရှိပါသည်။ တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ရန် အဆင်ပြေမှုရှိပါသည်။မိုးရာသီတွင်အဓိကစိုက်ပျိုးပါသည်။ နွေရာသီတွင်စိုက်ပျိုး လုပ်ကိုင်ရန်အကူအညီဖြစ်သောရေထွက်ရေကန်(၂)ကန်ရှိပါသည်။ သို့သော်ရေထွက်နှင့်နီးသော စိုက်ပျိုးရေးလုပ်ငန်းများအတွက် စိုက်ပျိုးရလွယ်ကူသော်လည်း ရေထွက်နှင့်ဝေးကွာသူများ အတွက်အခက်အခဲရှိနေ ပါသည်။ ကျေးရွာတွင် မြေဆီလွှာများပျက်စီးခြင်း၊ အထွက်နှုန်းနည်း ခြင်းနှင့်တွေ့ကြုံနေရပါသည်။ ဓာတ်မြေဩဇာထည့်နည်းအချိုးအဆမမှန်ခြင်း၊ အလွန်အကျွံ သုံးစွဲမိဖြစ်တို့ကြောင့်ဖြစ်ပြီး စိုက်ပျိုးနည်းစနစ်ကောင်းများ၊ သဘာဝမြေကို ကောင်းမွန်လာ အောင်ပြုပြင်နည်းစနစ်များ ဖြန့်ဝေပေးရန်လိုအပ်မှုရှိနေပါသည်။ယခုနှစ်တွင် ကြက်သွန်ဖြူ စိုက်ပျိုးသော တောင်သူများအနေဖြင့် စိုက်ပျိုးချိန်တွင် အရင်းအနှီး ၊ လူအားများ ရင်းနှီးထည့် ဝင်ကာ လုပ်ကိုင်ဆောင်ရွက်ရသော်လည်း သီးနှံထွက်ချိန်တွင် ပွဲစားများ၏ ဈေးကစားမှုများ ကြောင့် ဈေးနှုန်းကျဆင်းခြင်း၊ အမြတ်မရတော့ခြင်း၊ စိုက်ပျိုးစရိတ်လောက်သာ ပြန်လည်ရရှိ နေခြင်းတို့ဖြစ်ပေါ်နေပါသည်။ ထိုအပြင် စိုက်ပျိုးစရိတ်ချေးငွေမရရှိခြင်းကြောင့် ပွဲစားများ ထံတွင်ကြိုတင်ငွေအရင်းအနှီးရယူစိုက်ပျိုးရသောကြောင့်လည်း ဈေးနှုန်းမကောင်းသော်လည်း အတိုးတက်မည်စိုးသောကြောင့်ထုတ်ရောင်းနေပါသည်။ သက်သာသောအတိုးနှုန်းနည်း ချေးငွေ များရရှိအောင်ဆောင်ရွက်ရန်၊ ဈေးကွက်တည်ငြိမ်မှုရှိအောင်ဆောင်ရွက်ပေးရန်နှင့် ဈေးကွက် သို့ တိုက်ရိုက်တင်ပို့ရောင်းချနိုင်ခြင်းများဆောင်ရွက်ပေးပါက အဆင်ပြေလာမည်ဖြစ်သည်။သီး နှံစိုက်ခင်းများတွင်ဖျက်ပိုးများကျရောက်နေသည့်အတွက်ပိုးသတ်ဆေးသုံးစွဲရာတွင်စနစ်တကျ အသုံးပြုပုံနှင့် နှိမ်နှင်းနည်းစနစ်များ သင်တန်းပို့ချပေးရန် လိုအပ်မှုများရှိနေပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် ကျေးရွာသူ၊ ကျေးရွာသားများသည် စိုက်ပျိုးရေးလုပ်ငန်းကိုသာအဓိက လုပ်ကိုင်ကြပြီး အခြားဝင်ငွေရလုပ်ငန်းသည် နိုင်ငံရပ်ခြား(စင်ကာပူ၊ မလေးရှား၊ ထိုင်း) နိုင်ငံ များသို့သွားရောက်လုပ်ကိုင်ကြသူများပြားသည်။ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း အဖြစ် လက်သမားလုပ်ငန်း၊ အုတ်ရိုက်လုပ်ငန်း၊ကားမောင်းလုပ်ငန်း၊ ကုန်စိမ်းရောင်းချခြင်း လုပ်ငန်းများအများဆုံးလုပ်ကိုင်ကြပါသည်။ အခြားဝင်ငွေရလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် အလုပ်အပ်နှံမှုနည်းပါးခြင်း၊ အရင်းအနှီးနည်းနေခြင်းနှင့် အတိုးနှုန်းမြင့်ချေးငွေချေးနေရ သော

ကြောင့် အမြတ်နည်းခြင်းများကြုံတွေ့နေရပါသဖြင့် လုပ်ငန်းတိုးချဲ့လုပ်ကိုင်နိုင်ရေး အတိုးချေးငွေအရင်းအနှီးများလိုအပ်လျက်ရှိပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ကျေးရွာတွင် လယ်၊ တောင်ယာ၊ ဥယျာဉ်ခြံ လုပ်ငန်းများ(စပါး၊ ကြက်သွန်၊ ပြောင်း၊ မြေပဲ)ကိုအများဆုံးစိုက်ပျိုးလုပ်ငန်းကြသဖြင့်စိုက်ပျိုးရာတွင်အသုံးပြုသော ပိုးသတ်ဆေးများသည်အရည်အသွေးနိမ့်ခြင်း၊အတုအပများသုံးစွဲမိခြင်းတို့ကြောင့်ပတ်ဝန်းကျင်ညစ်ညမ်းခြင်းနှင့် သဘာဝ မြေဆီ မြေလွှာများ အရည်အသွေးကျဆင်းခြင်းများခံစားရပါသည်။ သစ်တော သဘာဝအရင်းအမြစ်များ စိမ်းလန်းစိုပြေစေရေးအတွက် သစ်တောမြေအဖြစ် တိန်းသိမ်းထားသော မေဇာ(၁၀)ဧကာတွင်နှစ်စဉ်သစ်ပင်များစိုက်ပျိုးသော်လည်းကျေးရွာတွင် အရံကောင်းမွန်သော ပျိုးပင်များမရှိခြင်း၊ ရှင်သန်လွယ်သော၊တန်ဖိုးရှိသော ပျိုးပင်များလက်လှမ်းမီမှု မရှိခြင်းတို့ကြောင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှု အားနည်းနေပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် ချေးငွေဝန်ဆောင်မှုပေးသောအဖွဲ့အစည်းများ လာရောက်မှုမရှိပါ။ ကျေးရွာသူ၊ ကျေးရွာသားများသည် စီးပွားရေး၊ လူမှုရေးနှင့် ကျန်းမာရေးတို့အတွက် ချေးငွေရရှိမှုအခက်ခဲများနှင့် ကြုံတွေ့ရပါက ကျေးရွာအတွင်း အဆင်ပြေသော အိမ်ထောင်စုများထံမှ ငွေရှင်းနှင့်ချေးငွေသဘောတူညီချက်ဖြင့်ငွေ(၁၀၀)ကျပ်လျှင် အတိုးငွေရငွေ (၅)ကျပ် ၊ (၆)ကျပ်ဖြင့်သော်လည်းကောင်း၊ တောင်ကြီးမြို့ပေါ်ပွဲစားများထံမှလည်းငွေ(၁၀၀)ကျပ်လျှင် အတိုးငွေ (၆) ကျပ်ဖြင့်သော်လည်းကောင်း၊ ကျေးရွာ၏ အများပိုင်ကျောင်းရန်ပုံငွေမှ ငွေ(၁၀၀)လျှင် (၄) ကျပ်တိုးဖြင့် ချေးယူနေရပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် ပညာရေးအနေဖြင့်အ.လ.ကခွဲကျောင်းထို(တ) (အခြေခံပညာအလယ်တန်းခွဲကျောင်း)တစ်ကျောင်းရှိပါသည်။ ကျောင်းထို(တ)ကျေးရွာနှင့် အခြားရွာအနီးရှိကျေးရွာများမှလာရောက်ပညာသင်ကြားသူစုစုပေါင်းကျောင်းသားဦးရေ(၂၀၀)ခန့်ရှိပါသည်။ပညာရေးဝန်ထမ်း အင်အား (၁၀)ဦးခန့်ရှိ၍ ပညာသင်ကြားရာတွင် ဆရာ၊ ဆရာမဦးရေလုံလောက်မှုနှင့် ကျောင်းပရိဘောဂများပြည့်စုံမှုရှိပါသည်။ အဝေးမှလာရောက်တာဝန်ထမ်းဆောင်ရသော ဆရာ/ဆရာမများအတွက် ကျွန်ုပ်တို့ကျေးရွာနှင့်ဆက်စပ်နေသော ကျောင်းထို(ရှေ့)ရွာ၊ ကျောင်းထို(မြောက်) ရွာတို့နှင့်ပူးပေါင်းကာ ဆရာ/ဆရာမနေအိမ် (၂)ခန်းတွဲ(၃)လုံးအား ဆောက်လုပ်ပေး

ထားသောကြောင့် အဆင်ပြေမှုရှိပါသည်။ ကျေးရွာတွင် မူလတန်းနှင့် အလယ်တန်းပညာတတ် မြောက်သူများသော်လည်း အထက်တန်းနှင့် တက္ကသိုလ်ပညာတတ်မြောက်သူနည်းပါးပါသည်။ မိဘများမှာ ငွေကြေးမတတ်နိုင်ခြင်း၊ စရိတ်ကြီးခြင်း၊ အိမ်၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် ပါဝင်ကူညီနေရခြင်း၊ လက်တလော မိသားစုစားဝတ်နေရေးတွင် ပါဝင်ကူညီဖြေရှင်းနေရခြင်း များကြောင့် ဖြစ်ပါသည်။

ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် (၂)မိုင်ခန့်အကွာ ကက္ကူကျေးရွာ ရှိ ကျေးလက် ကျန်းမာရေးဌာနခွဲတွင်သွားရောက်ပြသကြပါသည်။ အခြားကျေးရွာသို့ သွားရောက်ပြသရခြင်း ကြောင့် အရေးပေါ်အခြေအနေများတွင်လည်းကောင်း၊ မိခင်များကလေးမီးဖွားရာတွင် လည်း ကောင်းတွင်အခက်အခဲများရှိနေပါသည်။တောင်ကြီးမြို့နှင့်(၂၂)မိုင်ခန့်အဝေးတွင်ရှိသောကြောင့် ဆေးရုံ၊ ဆေးပေးခန်းနှင့်ဆိုင်သော ကျန်းမာရေးဝန်ဆောင်မှုများနှင့် လက်လှမ်းမမီပါသည်။

သောက်သုံးရေအတွက် ကျေးရွာ၏ သဘာဝရေတွက် မှ ပိုက်ဖြင့် သွယ်ယူပြီး ရေကန်(၂)မှတဆင့်အသုံးပြုကြပါသည်။ သောက်သုံးရေအတွက် တစ်နှစ်ပတ်လုံးရေလုံလောက် မှုရှိသော်လည်း ရေကန်မှ သေးနေခြင်းကြောင့် သောက်သုံးရေပေးဝေမှု နေရာအနှံ့မရရှိခြင်း ကြောင့် ရေလှောင်ကန်အကြီးတစ်ခု လိုအပ်လျှက်ရှိပါသည်။ တစ်ရွာလုံးယင်လုံအိမ်သာ (ရေလောင်းအိမ်သာ)အသုံးပြုကြပါသည်။ ရေလောင်းအိမ်သာအသုံးပြုကြသော်လည်းစနစ် တကျအသုံးပြုရန်နှင့်ကျန်းမာရေးအသိပညာများသိရှိမှုအားနည်းလျှက်ရှိပါသည်။ အဆင်ပြေ သောအိမ်ထောင်စုများမှာအိမ်သာများကိုအုတ်ဖြင့်တည်ဆောက်ကြပြီး မတတ်နိုင်သူများက ဝါးအိမ်သာများကို ဆောက်လုပ်ကြပါသည်။

ပတ်ဝန်းကျင်သန့်ရှင်းသာယာရေးနှင့်အမှိုက်ကင်းစင်ရေးတို့အတွက် ရွာသားများစုပေါင်း ကာ အပင်ရိုင်းများ၊ မြက်ပင်များ၊ အမှိုက်များအား စနစ်တကျစွန့်ပစ်ခြင်း၊ မီးရှို့ခြင်းများ ပြုလုပ်ကြပါသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အားလပ်ချိန်တွင် အပန်းဖြေနိုင်စရာနေရာ သီးသန့်မရှိပါ။လူငယ် များအတွက် အားလပ်ချိန်တွင် အသိပညာများ ဗဟုသုတများ ရရှိလာအောင် စာကြည့်တိုက် နှင့် စာအုပ်စာပေများ လိုအပ်လျှက်ရှိပါသည်။ ရွာတွင်း အဖွဲ့အစည်းများမှ ဆောင်ရွက်လျှက်ရှိသော သာရေး၊ နာရေး၊ လူမှုရေး၊ ရိုးရာယဉ်ကျေးမှု လုပ်ငန်းများတွင် လူငယ်အဖွဲ့မှ တက်တက်ကြွ ကြွပါဝင်ကူညီလှုပ်ရှားပေးလျှက်ရှိပါသည်။

(ခ) အခြေခံအဆောက်အဦးများလက်လှမ်းမီမှု လမ်း၊ တံတား၊ လျှပ်စစ်မှုန်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာရှိ ရွာလည်လမ်းနှင့် ရွာတွင်းလမ်းမှာ ကျောက်ရောမြေသားလမ်းဖြစ်ပါသည်။ တောင်ကြီးမှ ကျောက်တလုံးကြီးမြို့နယ်ခွဲသို့ သွားသည့် လမ်းဘေးတွင် တည်ရှိသဖြင့် လမ်းပန်းဆက်သွယ်ရေးဝေးကာသောလမ်း ကောင်းမွန်မှုရှိပါသည်။ ရွာ၏ သီးနှံများတွက်သော ကုန်ထုတ်လမ်းမှာ ကျောက်ချောလမ်းဖြစ်ခြင်း၊ တောင်စောင်းတွင်တည်ရှိခြင်းတို့ကြောင့် နှစ်စဉ် ပြန်လည်ပြုပြင်သော်လည်း မိုးအချိန်တွင် ရေတိုက်စားခြင်းကြောင့် ပျက်စီးမှုနှစ်စဉ်ဖြစ်ပေါ် နေပါသဖြင့်ကျောက်ချောလမ်းမှာ ကွန်ကရစ်လမ်း(သို့မဟုတ်) ကတ္တရာလမ်းသို့ အဆင့်မြှင့်တင် ပေးရန်လိုအပ်လျက်ရှိပါသည်။ သွယ်လာရေးအတွက် ဆိုင်ကယ် (၁၅၄)စီး၊ထော်လာကျီ(၅)စီး၊ ကား(၂၅)စီးတို့ကို အသုံးပြုကြပါသည်။

ကျေးရွာရှိ အိမ်ထောင်စု(၁၁၀)မှ မဟာဓာတ်အားလိုင်းမှ မီးအားအသုံးပြုကြပြီး အိမ်ထောင်စု(၇၈)အိမ်မှာဆိုလာမီးအားအသုံးပြုကြပါသည်။ ဆိုလာမီးအသုံးပြုကြသော အိမ်ထောင်စု(၇၈)စုမှငွေကြေးမတက်နိုင်ခြင်းကြောင့်မဟာဓာတ်အားလိုင်းအားအသုံးမပြုနိုင်ကြပါ။ အိမ်တိုင်းစေ့မီးလင်းရေးအတွက် သက်သာသော အတိုးနည်းချေးငွေနှင့် မြို့နယ်လျှပ်စစ်ရုံး သို့ တင်ပြအကူအညီရယူရန် လိုအပ်လျက်ရှိပါသည်။ မဟာဓာတ်အားလိုင်းအသုံးပြုခြင်းကြောင့် ရွာတွင် လူနေမှုအဆင့်အတန်းမြင့်မားလာခြင်း၊ ထင်းမီးအသုံးမပြုရခြင်းကြောင့် သစ်တော ပြုန်းတီးမှုလျော့နည်းလာခြင်းစသည် ကောင်းမွန်သော အခြေအနေများရှိလာပါသည်။

ကျေးရွာရှိ အိမ်ထောင်စုများမှ တယ်လီဖုန်းအသုံးပြုကြပါသည်။ ဆက်သွယ်ရေး ကွန်ယက်များအနေဖြင့် (အမ်ပီတီ၊ တယ်လီနော၊ အောရီဒူး)လိုင်းများအသုံးပြုရ အဆင်ပြေ ပါသည်။ ဖုန်းဖြင့် အင်တာနက်သုံးစွဲကြသော်လည်း face book သာအသုံးပြုကြပြီး အခြား သတင်းအချက်အလက်များ အသုံးပြုသူနည်းပါးသည်။ ကျေးရွာတွင် စာကြည့် တိုက်မရှိသဖြင့် ကလေးလူငယ်များ အသိပညာ ၊ အတတ်ပညာနှင့် ဗဟုသုတများ သိရှိမှု နှောင့်နှေးနေပါ၍ စာကြည့်တိုက်ဖြစ်မြောက်ရေးအတွက် စိတ်အားထက်သန်မှုများ ရှိနေ ပါသည်။

(ဂ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

ကျေးရွာအတွင်းမှုခင်းဖြစ်ပွားမှုကြီးကြီးမားမားမရှိ၍တည်ငြိမ်အေးချမ်းမှုရှိပါသည်။ ရေးပေါ်ပေါ်ပေါက်လာပါက ရဲစခန်းသို့ အလွယ်အတူချိတ်ဆက် ဆောင်ရွက် နိုင်ပါသည်။ ကျေးရွာအတွင်း အမျိုးသမီးများအား အကြမ်းဖက်ခံရမှုများလည်းမရှိပါ။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာတွင် အဓိကစိုက်ပျိုးသော (မြေပဲ၊ ပြောင်း၊ ကြက်သွန်ဖြူ၊ စပါး)စသည့်တို့ကို စိုက်ပျိုးထုတ်လုပ်နိုင်သော အလားအလာကောင်းများရှိပါသည်။ တစ်နှစ်ပတ်လုံး စိုက်ပျိုးရန် မိုးရေနှင့် ရေတွက်မှုရှိသော်လည်း ရေတွက်အနီးတွင် လုပ်ကိုင်ကြသူများမှ အဆင်ပြေပြီး အဝေးတွင် လုပ်ကိုင်သူများမှ သွယ်ယူရန်အခက်တွေ့နေသောကြောင့် သောက်သုံးရေနှင့် စိုက်ပျိုးရေအတွက် ရေသိုလှောင်ကန်တစ်ခုတည်ဆောက်ပေးပါက သောက်သုံးရေနှင့် စိုက်ပျိုးရေအတွက်အဆင်ပြေနိုင်မည့် အခြေအနေကောင်းများရှိပါသည်။ထို့ပြင် သီးနှံများအတွက်နှုန်းကောင်းမွန်စေရန် အသုံးပြုသောဓာတ်မြေသြဇာများသည် မြေဆီလွှာပျက်စီးခြင်းဖြစ်ပေါ်သည့်အတွက် သဘာဝမြေကို ပြုပြင်ထိန်းသိမ်းနိုင်မည့် နည်းစနစ်များ အသုံးပြုမည်ဆိုပါက ပိုမိုကောင်းမွန်လာမည့်အခြေအနေကောင်းများရှိပါသည်။ မြေဆီလွှာကောင်းမွန်မှု၊ စိုက်ပျိုးရေရရှိမှု၊ မျိုးကောင်းမျိုးသန့်များအသုံးပြုနိုင်မှု၊ဈေးကွက်တည်ငြိမ်မှု၊ စိုက်နည်းပညာများသိရှိမှုစသည့်များ ဟန်ချက်ညီညီကောင်းမွန်နေရန်လိုအပ်ပါသည်။ မွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် မြေလွတ်မြေလပ်များနှင့် အစားအစာများလက်လှမ်းမီမှုအားကောင်းပြီး ဈေးကွက်မှာလည်း အသင့်အတင့်ကောင်းမွန်သော အခြေအနေများရှိပါသဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ကိုင်အား တွဲဖက်လုပ်ကိုင်ပါက အဆင်ပြေနိုင်မည်ဖြစ်ပါသည်။

(ခ)အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

သီးနှံစုံစိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဟန့်အတားတစ်ခုမှာ ရာသီဥတုပြောင်းလဲမှုအရသစ်တောပြုန်းတီးမှုကြောင့်မိုးခေါင်မှုများကြုံတွေ့လာရခြင်း၊ တစ်နှစ်ပတ်လုံးသီးပင်စားပင်များစိုက်ပျိုးနိုင်ရေးအတွက်စိုက်ပျိုးရေးရရှိရေးအစီအစဉ်များ ရှာဖွေဖော်ထုတ်ရန်လိုအပ်ပါမည်။

စိုက်ပျိုးသီးနှံများထွက်ပေါ်ချိန်တွင် လှိုင်လှိုင်ထွက်သော်လည်း ကုန်ဈေးနှုန်းအတက်အကျရှိခြင်း၊ ဈေးနှုန်းမမှန်ခြင်းများနှင့် ကြုံတွေ့နေရပါသည်။ ဈေးနှုန်းမှန်မှ ရောင်းချမည့်

သို့သော်လည်း စိုက်ပျိုးချိန်တွင် ပွဲစားများထံမှ ကြိုတင်ထုတ်ယူထားသော စိုက်ပျိုးစရိတ်များကြောင့်လည်းထုတ်ရောင်းနေရပါသည်။ လမ်းပန်းဆက်သွယ်ရေးလွယ်ကူသော်လည်း ခရီးလမ်းဝေးခြင်းကြောင့် နီးစပ်ရာသီးနှံပွဲရုံများတွင် ရောင်းချရပါသည်။ သက်သာသောအတိုးနှုန်းနည်းချေးငွေနှင့်ဈေးကွက်မှန်ကန်စွာတင်ပို့ရောင်းချနိုင်ရေးအတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်ပေါ်နေပါသည်။

ကျေးရွာရှိ ဝင်ငွေနည်းသော မိသားစုများမှ သီးနှံစိုက်ပျိုးစရိတ်၊ တိရစ္ဆာန်မွေးမြူစရိတ်၊ အသေးစားလုပ်ငန်းငယ်များတည်ထောင်လည်ပတ်လုပ်ကိုင်ရန် စရိတ်တို့အတွက် သင့်လျော်သောချေးငွေ၊ ငွေကြေးပန်ဆောင်မှုမရရှိခြင်းမှာလည်း ကျေးရွာလူထုဖွံ့ဖြိုးရေး အတွက် အဟန့်အတားဖြစ်ပါသည်။နိုင်ငံတကာအဖွဲ့အစည်းများဒေသတွင်းဌာနဆိုင်ရာများမှကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အနေဖြင့် လာရောက်ကူညီဆောင်ရွက် ပေးမည်ဆိုပါက ကျေးရွာလူထု၏ လိုအပ်ချက်များအားထိရောက်စွာဖြည့်ဆည်းပေးနိုင်မည့် အစီအစဉ်မျိုးဖြစ်ရန် လိုအပ်လျှက်ရှိပါသည်။

မွေးမြူရေးလုပ်ငန်းဆောင်ရွက်ရာတွင်လည်း မိရိုးဖလားတုံးတမ်းအစဉ်အလာအရ သမရိုးကျအတိုင်းမွေးမြူနေသောကြောင့် ဖွံ့ဖြိုးမှုအားနည်းခြင်း၊ မျိုးကောင်းမရရှိခြင်း၊ အစားကျွေးနည်းအချိုးမချခြင်း၊ ရောဂါအလွယ်တကူကျရောက်နိုင်ခြင်းစသည့် အဟန့်အတားများဖြစ်ပေါ်နေပါသည်။

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ

(က) ရည်မှန်းချက်ပန်းတိုင်

ကျွန်ုပ်တို့ ကျေးရွာသူ၊ ကျေးရွာသားများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်မှန်းချက်များချမှတ်ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်သော အဖွဲ့နှင့် တိုင်ပင်ပြီး အောက်ပါရည်မှန်းချက်များကို ချမှတ်ထားပါသည်

(၁) ကျေးရွာလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန် ကျေးရွာမီးလင်းရေးနှင့် ကျေးရွာအခြေခံအဆောက်အဦးများဖွံ့ဖြိုးတိုးတက်သော ကျေးရွာဖြစ်လာရေး၊

(၂) ကျွန်ုပ်တို့ကျေးရွာတွင် သီးနှံထုတ်လုပ်ခြင်း၊ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ စက်မှုလက်မှုလုပ်ငန်းနှင့် အခြား ဝင်ငွေရသော လုပ်ငန်းများတိုးတက်ဖွံ့ဖြိုးလာပြီး ကျေးရွာမိသားစုများ၏ ဝင်ငွေတိုးတက်လာရေး ၊

(၃) ကျေးရွာရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝပတ်ဝန်းကျင်ကောင်းမွန်သော ပိုင်ဆိုင်သောကျေးရွာဖြစ်လာစေရေး။

(ခ) နည်းဗျူဟာ

(၁) ကျွန်ုပ်တို့ ချမှတ်ထားသော ရည်မှန်းချက်ပန်းတိုင်များသို့ ရောက်ရှိရေးအတွက် ယခုလက်ရှိ ဖွဲ့စည်းလိုက်သော ကျေးရွာကော်မတီသည် အစိုးရဌာနများ ၊ အခြားပြင်ပအဖွဲ့အစည်းများ ၊ ပုဂ္ဂိုလ်လုပ်ငန်းရှင်များနှင့် ဆက်သွယ်၍ ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်များအားဦးဆောင်အကောင်အထည်ဖော်ဆောင်ရွက်မည်။ပြင်ပမှနည်းပညာ၊ငွေကြေးစသည့် ဝန်ဆောင်မှုအကူအညီများရရှိရေးအတွက် ဦးဆောင်သွားမည် ဖြစ်သည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်ကျေးရွာအတွင်းရှိအခြားအဖွဲ့၊ ကော်မတီများနှင့်လည်း ညှိနှိုင်းတိုင်ပင်၍လုပ်ငန်းတာဝန်များ ခွဲဝေအပ်နှင်းဆောင်ရွက်မည်။

(၂) သီးနှံစိုက်ပျိုးမှုတွင်လည်း မိရိုးဖလာ စိုက်ပျိုးနည်းကိုသာ အားမကိုးပဲ ဒေသရာသီဥတုနှင့် မျိုးကောင်းမျိုးသန့်များရရှိ၍ အထွက်နှုန်းတိုးတက်လာစေရန် လုပ်ဆောင်သွားမည်ဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍမှ လက်ရှိထုတ်လုပ်နေသည့် ကုန်ကြမ်းများကို ကုန်ချောအဖြစ်သို့ မြှင့်တင်ထုတ်လုပ်နိုင်ရန် ဆောင်ရွက်သွားမည်။ လိုအပ်သည့် နည်းပညာနှင့် ဗဟုသုတများကို ရယူနိုင်ရန် ဌာနဆိုင်ရာများ ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့်ဆက်သွယ်၍ ကျေးရွာတွင်း သင်တန်းများ ဖွင့်လှစ်ပို့ချခြင်း ဆောင်ရွက်သွားမည်။

(၃) တိရိစ္ဆာန်မွေးမြူရေးကဏ္ဍတွင်လည်း ကျွဲ၊ နွား၊ ဝက်၊ ကြက် များမွေးမြူရာတွင် မျိုးကောင်းမျိုးသန့်များရရှိရေး၊ နည်းစနစ်ကျ အသားတိုးမွေးမြူနိုင်ရေးတို့အတွက် ကျေးရွာလူထုသိရှိနိုင်ရေး နည်းပညာပေးသင်တန်းများဖွင့်လှစ်ဆောင်ရွက်သွားမည်။

(၄) ကျေးရွာလူထု(လူကြီး၊လူလတ်၊ လူငယ်)များအတွက် အလုပ်အကိုင်အခွင့်အလမ်းများပိုမိုကျယ်ပြန့်လာရေးအတွက်သီးနှံများနှင့် မွေးမြူရေးထွက်ကုန်များ ထုတ်လုပ်ရောင်းချရေးဆိုင်ရာ အသေးစားလုပ်ငန်းများတည်ထောင်ခြင်း ငှင်းလုပ်ငန်းများ လုပ်ကိုင်ရန်ကျေးရွာလူထုအတွက် စွမ်းရည်မြှင့်တင်ရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်းရရှိအောင် မြို့နယ်ဌာနဆိုင်ရာများသို့ တင်ပြတောင်းဆိုမည်။

(၅) သက်ဆိုင်ရာဌာနများ၏ အကူအညီကို ရယူ၍ ကျေးရွာလူငယ်များ၏ ကျောင်းပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာများတိုးတက်လာရေး ၊ ရေနှင့် သဘာဝပတ်ဝန်းကျင်သန့်ရှင်းမှုတိုးတက်လာရေးအတွက် ရေရှည်စီမံချက်များကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် အခြားသက်ဆိုင်ရာ ကော်မတီတို့ ပူးပေါင်းရေးဆွဲ အကောင်အထည်ဖော်မည်။

(၆) မြေဆီလွှာထိန်းသိမ်းရေး၊ပတ်ဝန်းကျင်ရှိသဘာဝပေါက်ပင်နှင့် သစ်တောမြေထိန်းသိမ်းမှု၊ အရံပျိုးပင်များစိုက်ပျိုးလာနိုင်ရေး တို့အတွက် သက်ဆိုင်ရာဌာနများ၏ အကူအညီယူ၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သင်တန်းများရယူခြင်း ၊ စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ခြင်း၊

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများနိုင်ငံတော်အစိုးရ၏ မူဝါဒနှင့် ရှေ့လုပ်ငန်းစဉ်များကို ရည်နှီးကျွမ်းဝင်ပြီးသောအစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအတွက် တာဝန်ယူဆောင်ရွက်သည့် အကြံပေးအဖွဲ့တို့၏ အကြံပြုချက်များအရ ဤ အခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါအဖွဲ့အစည်းများသည်ကျွန်ုပ်တို့ကျေးရွာ၏လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည်ဒေသဆိုင်ရာအဆင့် ထိုမှတဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့် အထိ ပံ့ပိုးမှုပေးနိုင်မည် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ချိတ်ဆက်မှုများ

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စီစစ်ခြင်း

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း၊ဦးစားပေးလုပ်ငန်းစီမံချက်အစီအစဉ်အား နည်းပညာ အထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်းရေရှည်တည်တံ့မည့်အထောက်အပံ့များကိုနိုင်ငံတော်အစိုးရထံမှရရှိ မည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စီစစ်ခြင်း ၊ နောက်ဆုံးအတည်ပြုထားသည့်ဖွံ့ဖြိုးရေးအစီအစဉ်များပါဦးစားပေးလုပ်ငန်းစီမံချက်များကိုလည်း သတ်မှတ်ကာလအတိုင်းပုံမှန်စီစစ်ဆောင်ရွက်သွားပါမည်။ အရေးကြီးသည့်အချက်မှ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေး စီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

(ခ) နည်းပညာအကူအညီပေးရေးဝန်ဆောင်မှုလုပ်ငန်းများ

ကျေးရွာလူထုအနေဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍတွင် သမရိုးကျမဟုတ်ပဲ သိပ္ပံနည်းကျ စိုက်ပျိုးထုတ်လုပ်ရေး၊ ထွက်ကုန်သီးနှံများအား ထုတ်ပိုးမှု၊ သိုလှောင်သိမ်းဆည်းမှုဆိုင်ရာ အသုံးပြုမှုနည်းပညာ နှင့် နည်းစနစ်များဖော်ပြပါ ထုတ်ကုန်များအားကုန်ချောထုတ်လုပ်မှုဆိုင်ရာနည်းပညာများစသည်တို့တတ်ကျွမ်းနားလည်ရေးနှင့် အသုံးချနိုင်ရေးအတွက် နည်းပညာဝန်ဆောင်မှုများလိုအပ်ပါသည်။ အလားတူပင် မွေးမြူရေးကဏ္ဍတွင်လည်း တိရိစ္ဆာန် ရောဂါကာကွယ်ကုသရေး တနိုင်တပိုင်မွေးမြူရေးစနစ်ဖြင့် မွေးမြူနည်းများ၊ ကျွမ်းကျင်မှုဆိုင်ရာ နည်းပညာများလည်းလိုအပ်ပါမည်။ မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ဖော်ပြပါကိစ္စရပ်များအတွက် ကျေးရွာလူထု၏လိုအပ်ချက်များအား ထိရောက်စွာ ကူညီပံ့ပိုးပေးနိုင်မည့် အစီအစဉ်များ လိုအပ်ပါမည်။

(ဂ) ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်ရန်ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများတိုးတက်ရေး

မြို့နယ်အဆင့်တွင်အသေးစားနှင့်အလတ်စားစီးပွားရေးကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးမှသာ ကျေးရွာထုတ်ကုန်နှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် ကုန်စည်စီးဆင်းမှုများ ကောင်းမွန်မည်ဖြစ်ပါသည်။ ထို့ကြောင့်သီးနှံထုတ်လုပ်ရေး၊ ထုတ် ကုန်များသိုလှောင်ရေး၊ ရောင်းဝယ်ဖောက်ကားရေးတို့အတွက်ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများဖွံ့ဖြိုးရန် အခြေအနေကောင်းများ ဖန်တီးနိုင်မည့်မူဝါဒများ လိုအပ်ပါ သည်။

(ဃ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ

အစိုးရဘဏ်လုပ်ငန်း ၊ ပုဂ္ဂလိက ဘဏ်လုပ်ငန်းများကိုလည်း အဆင်မပြေ သော တောင်သူနှင့် ဝင်ငွေအသင့်အတင့်ရှိသော တောင်သူ၊ ဝင်ငွေ အလယ်အလတ် ရှိသော တောင်သူကြီးများအတွက် လိုအပ်သော ချေးငွေ ရရှိရန် နည်းစနစ်များကို ပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် တောင်ယာစိုက်ပျိုးရေး လယ်သမားများနှင့်အသေးစားလုပ်ငန်းရှင်များသည်စိုက်ပျိုးရေးနှင့် အသေးစား

စီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေမည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိလာအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ယခုရေးဆွဲထားသော စီမံကိန်းငါးနှစ်တာကာလ ကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် အဆိုပါ စီမံချက်များသည် ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ်လိုအပ်ပါသည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့်ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာလူထုနှင့် ငါးနှစ်တာ ကာလအတွက်ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင်စီစစ်ရေးဆွဲထားသည့်ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည်မဟုတ်သေးပါ၊ ကျေးရွာလူထုအနေဖြင့်စီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်မှု (၂)နှစ်၊ (၃)နှစ် ကာလကျော်လွန်လာချိန်တွင် စီမံကိန်းငါးနှစ်တာကာလအတွင်း ဦးစားပေး လုပ်ငန်းများထပ်မံဖော်ထုတ် လုပ်ဆောင်ရန်လိုအပ်လာပါမည်၊ ဆိုးရွားသောသဘာဝဘေးအန္တရာယ်ကျရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာ ဖွံ့ဖြိုးရေးစီမံချက်သည် ပြောင်းလဲမှုရှိမည်မဟုတ်သော်လည်း ကျေးရွာ၏အမှန်လိုအပ်ချက်အရ စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။ ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည်နှစ်အလိုက် ဘဏ္ဍာရေးနှစ်ငွေကြေးစီမံမှုဆိုင်ရာရွေးချယ်ခြင်း ၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူစေရန်ဦးတည်ပါသည်။ ကျေးရွာတွင်ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက် သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် ဘတ်ဂျက်များပေါ်မူတည်၍ စီမံချက်ပါ ဦးစားပေးအစီအစဉ်များကိုပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်တို့ကျေးရွာ၏ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင်နှစ်အလိုက်အကောင်အထည်ဖော် ဆောင်ရွက်မည့် နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည်ဖြစ်ပါသည်။

(ခ) ဦးစားပေးစီမံချက်

ကျွန်ုပ်တို့ ကျေးရွာ၏ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင်ဆောင်ရွက်သင့်သည့်လုပ်ငန်းကောင်းစဉ်များထွက်ပေါ်လာပါမည်။ ယင်းလုပ်ငန်း များအနက် တက်ရောက်သူ ကျေးရွာသား၊ ကျေးရွာသူ အုပ်စု(၅)အုပ်စုရှိ အဖွဲ့ဝင်များမှ ဦးစား ပေးရမည့် စီမံချက်များကိုအမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာပိုင်ဆိုင်ရာနှင့် ငွေကြေး အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန်လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်

ကဏ္ဍ/ အကြောင်းအရာ	စီမံချက်	ရမှတ် ပေါင်း	အဆင့်	စီမံချက်အကောင်အထည်ဖော်ရန်ဆောင်ရွက်ရမည့်အချက်	မှတ်ချက်
စိုက်ပျိုးရေးကဏ္ဍ	ခေတ်မီစနစ်ကျသောစိုက်ပျိုးနည်းမှ သိပ္ပံနည်းကျ စိုက်ပျိုးရေး၊ ထိန်းသိမ်းလုပ်ကိုင်မှု တိုးတက်ရေး အတွက် စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသုတ ကျွမ်းကျင်မှုများရရှိအောင် ဆောင်ရွက်ခြင်း၊			စိုက်ပျိုးရေးလုပ်ငန်းအတွက် မိုးကောင်းမှုအားကိုးရသည်၊ ငွေချေးထုတ်ရန် လိုအပ်ချက်ရရှိ စေရန် ဌာနဆိုင်ရာများမှ ချေးငွေများ ရရှိအောင် ဆောင်ရွက်ပေးခြင်း၊ မျိုးကောင်း၊ မျိုးသန့် နှင့်ရှည်ပင်များ ဖြန့်ဖြူးပေးခြင်း၊ မျိုးပွားခြင်းလုပ်ငန်းစောင့်ရှောက်ပေးခြင်း၊ သိပ္ပံနည်းကျ စိုက်ပျိုးရေးသင်တန်းပေးခြင်း၊ မြေဆီလွှာထိန်းသိမ်းနည်း (သဘာဝမြေဩဇာ)သင်တန်းပေးခြင်း၊ ပိုးသတ်ဆေးစနစ်တကျ သုံးစွဲနည်း သင်တန်းပေးခြင်း၊	
မွေးမြူရေးကဏ္ဍ	သမရိုးကျဖြစ်ရှိသည့် မွေးမြူရေး(ကြက်၊ဝက်၊နွား) လုပ်ငန်းများတိုးတက်လုပ်ကိုင်နိုင်ရေးဆောင်ရွက်ခြင်း၊			မွေးမြူရေးအတွက် ငွေကြေးအရင်းအနှီးပံ့ပိုးပေးခြင်း၊ သိပ္ပံနည်းကျ မွေးမြူရေးသင်တန်းပေးခြင်း၊ ဝက်မျိုးကောင်း၊မျိုးသန့် ပံ့ပိုးပေးခြင်း၊	
ပညာရေးကဏ္ဍ	ကျောင်းသား/ကျောင်းသူများ၊ လူငယ်များ အသိပညာ၊ ဗဟုသုတများ တိုးပွားလာစေရေး၊ အားလပ်ချိန်များ အား အကျိုးရှိရှိအသုံးပြုနိုင်စေရေးဆောင်ရွက်ခြင်း၊			ကျောင်းစာကြည့်တိုက်ဖွင့်လှစ်ပေးခြင်း၊ စာအုပ်စာတမ်းများ ဖြည့်ဆည်းပေးခြင်း၊	
ကျန်းမာရေးကဏ္ဍ	ကျေးရွာလူထု ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်၊ အရေးပေါ်အခြေအနေများတွင် အလွယ်တကူ ကျန်းမာ ရေးစောင့်ရှောက်မှုလက်လှမ်းမီစေရန်ဆောင်ရွက်ခြင်း၊			ယင်လုံအိမ်သာ စနစ်တကျ တည်ဆောက်အသုံးပြုရေး ဆောင်ရွက်ပေးခြင်း၊ ကျေးလက်ဆေးပေးခန်းတစ်ခုရရှိရေးဆောင်ရွက်ပေးခြင်း၊	
အခြားဝင်ငွေရ လုပ်ငန်းများ	စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေ ရလုပ်ငန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာစေရေး			အသက်မွေးပမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုအတွက် စက်မှုသင်တန်း၊ လက်မှုသင်တန်းများပေးခြင်း၊ ကုန်ထုတ်လုပ်မှု ၊ ပန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများအဆင်ပြေပြေလုပ်ကိုင် နိုင်စေရေးအတွက် သက်သာသောအတိုးနှုန်းနည်းချေးငွေများ ရှာဖွေပေးခြင်း၊ အမျိုးသမီးများ အိမ်တွင်းမှုလုပ်ငန်း(စက်ချုပ်၊ မုန့်ဖုတ်)စသည့် သင်တန်း များဖွင့်လှစ်ခြင်း၊	
လမ်း၊ တံတား၊ ရေပေး ရေးကောင်းမွန်လာစေရေး	အခြေခံအဆောက်အဦ တိုးတက်ကောင်းမွန်စေရေး			ကျေးရွာ၏ကုန်ထုတ်လမ်း ကွန်ကရစ်လမ်းခင်းခြင်း၊ ကျေးရွာတွင်း သောက်သုံးရေနှင့် စိုက်ပျိုးရေးအတွက် ရေထွက်မှု ရေကိုသွင်း ယူပြီး ရေလှောင်ကန်အကြီးတစ်ခုတည်ဆောက်ပေးခြင်း၊ အိမ်တိုင်းစေ့မီးလင်းရေးဆောင်ရွက်ပေးခြင်း၊	ကျေးလက် ဦးစီး
သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး	သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်များ ဆောင်ရွက်ခြင်း၊			ကျေးရွာတွင် သစ်တောအရင်းအမြစ်စိမ်းလန်းစိုပြေစေရေးအတွက် နှစ်ရှည် သစ်ပင်များစိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်း၊ အရိပ်ရပင်၊ ဆေးပတ်ဝင်အပင်များစိုက်ပျိုးခြင်း၊ ကျေးရွာသန့်ရှင်းသာယာစေရေး အမှိုက်သိမ်းနည်းစနစ်တကျ ဖွန့်ပစ်ရေး ရှင်းလင်းရေးတို့အတွက်ဆောင်ရွက်ခြင်း၊	
အမျိုးသမီးကဏ္ဍ	ကျား/မတန်းတူပါဝင်လာနိုင်စေရေး			ကျေးရွာ၏ သာရေး၊ နာရေး၊ လူမှုရေး၊ ရိုးရာယဉ်ကျေးမှု၊ ပရဟိတလုပ်ငန်း များတွင် အမျိုးသမီးများပါဝင်လာစေရေး ဆောင်ရွက်ခြင်း၊	

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာလူထုမှ ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအားအ ခြေခံ၍ရေးဆွဲ

ထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကိုလည်း နှစ်စဉ် ပြုပြင်ရေးဆွဲသွားပါမည်။ စီမံကိန်းကာလအပိုင်းအခြားများကို အောက်ပါဇယားဖြင့် ဖော်ပြထားပါသည်-

စဉ်	လုပ်ငန်းအစဉ်	ဦးစားပေး အဆင့်	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂	မှတ်ချက်
၁	ကျောင်းသုံး ကွန်ကရစ် လမ်းကွန်ကရစ်ခင်းခြင်း	၁	✓					
၂	ရေရှာကန်တူးဖော်ခြင်း(အလျားအနံ ၃၀ပေအမြင့်(၄)ပေ)	၂	✓					
၃	အိမ်တိုင်းရေစီးလိုင်းရေ ဆောင်ရွက်ခြင်း	၃	✓					
၄	အမျိုးသမီးအိမ်တွင်းမှုလုပ်ငန်းများ(စက်ချုပ်/မုန့်မှုတ်)စသည့် သင်တန်းများပို့ချပေးရန်	၄	✓	✓	✓	✓	✓	
၅	ကျေးလက်အားကစားကွင်းကောင်းခံရန်	၅		✓				
၆	လူငယ်များအတွက် အသက်မွေးဝမ်းကျောင်းလက်မှုပညာ သင်တန်းပေးရန်	၆	✓	✓	✓	✓	✓	
၇	မွေးမြူရေးနည်းပညာပေးသင်တန်း	၇	✓	✓	✓	✓	✓	
၈	စိုက်ပျိုးရေးနည်းပညာပေးသင်တန်း	၈	✓	✓	✓	✓	✓	
၉	ပုဂ္ဂလိက/အစိုးရအသိအမှတ်ပြုရေးတွင်းဆောက်လုပ်ဆောင်ရွက်ခြင်း	၉		✓				
၁၀	ကျေးရွာတော်ကြည့်တိုက်ဖွင့်လှစ်ပေးရန်	၁၀			✓			
၁၁	ပရဟိတလုပ်ငန်းအဖွဲ့အစည်းများတွင် အမျိုးသမီးများပါဝင် ဆောင်ရွက်ရေးကူညီရန်	၁၀	✓					

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအစီအစဉ်ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများကို ဖော်ထုတ်ပြီးဖြစ်ပါသည်။ စီမံကိန်းနှင့်သက်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခု

ချင်း စီအလိုက် အသေးစိတ်ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံချက်၏ ရည်ရွယ်ချက်၊ အ
ခံစားဦးရေ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပုံစံနှင့် အစီအစဉ်၊ စီမံချက်အကောင်အ
ဖော်ဆောင်ရွက်မည့် ကာလ၊ အခြေခံအဆောက်အဦကို ပြုပြင်ထိန်းသိမ်းမည့် ဘတ်ဂျ
ငွေရေးကြေးရေးအစီအစဉ်များပါဝင်ပါသည်။

အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အဝေ
